အတွဲ ၄၅။ အမှတ် ၁၃။

# ရွှေသွေး
# Shwethway

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်။ (30-3-2013)

## ဝဲကျော်

ကာတွန်း -

## Wae Kyaw

Cartoon : Aung Aung Htwe

(မူလတန်းပြည်သူ့နီတိစာအုပ်မှ မှီငြမ်းပါသည်။)






First, the Township Education Officer inspected the fourth standard.

He noticed a young boy in the front row of the class shifting restlessly.







At that time, a student in the last row cut in.




"Why is he called Wae Kyaw? He has his own name, hasn't he?"
"We don't say it intentionally. He has been inflicted with scabies. So we call him Wae Kyaw (scabies-inflicted person) as the name is a very true likeness of him."
The Township Education Officer said to teacher Daw Htet Htet Oo Wai in charge of the class.
"Teacher, send this boy back home."
"Of course, TEO."
Then the TEO went round and inspected the classes.
Before long, U Thar Oo, one of the elderly persons of the Parents and Teachers Association came to the school together with Maung Hnyet.
"Please come on in, U Thar Oo."
"Teacher, why did you send my nephew back home?"
"It's simply because the Township Education Officer asked me to do so."
Meanwhile Township Education Officer U Pyone Cho came near.
"Oh, he is coming."


"TEO, this is U Thar Oo, member of Parents and Teachers Association. He's the uncle of the boy sent back home moment ago."
"It's like this, U Thar Oo. This little boy is called Wae Kyaw by other boys. If so, I think it has been a long time that he has been inflicted with scabies."
"Please come on into the office room, U Thar Oo. And bring the boy in, please."
"Of course."
"That's true, TEO."
"Scabies is contagious to the one who lives in close contact with the person inflicted with it. Once infected, it takes time to cure it completely."
"Now, all the family members have been inflicted with scabies. It has been a long time that they have not been completely cured of it yet."
"Other students do not want to sit near him for fear that they should be at the risk of infection. I just send him back home as I am concerned that infection from one person to another will spread to the entire school."
"Hmm ... it rings true, Sir."
"It happens so for lack of cleanliness."


"Whether a person is a child or a grown-up, they should regularly take a bath every day. And they should also scrub dirt with soap."
"I'll wash your body with soap."
"The price of soap isn't much. If a disease is contracted, it usually costs much more than the price of soap. You should be cautious of it."
"And you need to wear clean clothes. It doesn't mean valuable ones."
"And, after wearing a longyi or a shirt, it must be washed clean with soap."
"The reason why it happens like this is that we have less knowledge on health."
"It's just a bluff."
Educative Talks on Health.
"So, knowledge on health should be initially taught at schools, teacher."
"All right, we've been absorbed in conversation. I've got to go round other classes on inspection. Please excuse me."
Thus the Township Education Officer stopped talking and went on inspecting the remaining classes.
END

# မြန်မာစာ စကားဝိုင်း (၄၅)

တင်လင်းဇော်

## စွန့်လွှတ်စွန့်စား တောင်တန်းသာသနာပြု ရဟန်းတော်များ

ဘကြီးညဏ်တစ်ယောက် ကဗျာစပ်နည်း စာအုပ်ဖြင့် အလုပ်များနေပြန်ပြီ။ သည်နှစ် နွေရာသီတွင် သူ့မြေးများက ကဗျာစပ်နည်းသင်ပေးပါဆိုသဖြင့် ပြန်လေ့လာနေခြင်းဖြစ်သည်။ မြန်မာကဗျာစစ်စစ်ဖြင့် ပြိုင်ပွဲဝင်ကြရရာ မြန်မာကဗျာစစ်စစ်ကို ရေးဖွဲ့သူကလည်း အတော်ရှားသွားပေပြီ။ လေးလုံးတစ်တွဲရေးထားပြီးလျှင် လေးလုံးစပ်ကဗျာဟု ပြောနေကြသည်။ လေးလုံးတစ်တွဲရေးတိုင်းသာ လေးလုံးစပ်ကဗျာဖြစ်စတမ်းဆိုလျှင် လူတိုင်း ကဗျာဆရာချည်းသာ ဖြစ်ကုန်ပေတော့မည်ဟု ဘကြီးညဏ်တွေးနေမိသည်။

ခွန်းဆက်သာ။ ။ ဆရာကြီး၊ ဒီနှစ် အမျိုးသားနေ့ ကဗျာပြိုင်ပွဲမှာ ကျွန်တော့်ကဗျာ တတိယဆုရတယ်။ ဝေယျာအောင်ကတော့ ပထမပဲ ဆရာကြီး။ ကျွန်တော်က ဆရာကြီးသင်ပေးထားတဲ့ သံပေါက်ကဗျာစပ်နည်းနဲ့ ပြိုင်တာ။ ဝေယျာအောင်ကတော့ လေးလုံးစပ်လို့ ပြောတယ်။

ဘကြီးညဏ် ။ ။ သားကဗျာကို ပြစမ်းပါဦး။ ကြည့်ရအောင်။ 'အမျိုးသားနေ့ ဒို့မမေ့' ဆိုပါလား။ ရိုးရိုးလေးပါလား၊ သံပေါက် ကဗျာစပ်နည်းမှန်သားပဲ။

ခွန်းဆက်သာ။ ။ အကြောင်းအရာတွေကိုတော့ ကျွန်တော်တို့ မြန်မာစာဆရာက ပြောပြတာပါ။ ကျွန်တော်တို့က အဲဒီအချက် အလက်တွေကို ကဗျာရေးရတာ။

ဘကြီးညဏ် ။ ။ အမျိုးသားနေ့၊ ဒို့မမေ့၊ ယနေ့တိုင်အောင်ပါ။ ဒီစာပိုဒ်လေးနဲ့အဖွင့်အပိတ်လုပ်ပြီး ရေးထားတာ သဘောကျပါတယ်။

လင်းလင်း ။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံက တောင်တန်းဒေသတွေမှာ ဗုဒ္ဓဘာသာဝင်ဦးရေကနည်းပြီး ခရစ်ယာန်ဘာသာဝင်တွေက များတယ်နော်။ အဲဒါ ဘာကြောင့်လဲ ဘကြီး။

ဘကြီးညဏ် ။ ။ ဘာသာ၊ သာသနာအရေးတွေလည်း မြန်မာစာပေမှာ အများကြီး ပါဝင်နေတာပါပဲ။ တောင်တန်းဒေသတွေမှာ ဗုဒ္ဓသာသနာ ပိုမိုထွန်းကားတာကတော့ သာသနာပြုပုဂ္ဂိုလ်တွေရဲ့ဇွဲ၊ စိတ်ဓာတ်၊ လုံ့လဝီရိယကောင်းမွန်ကြလို့ပေါ့ကွယ်။ နောက်ပြီး ဘုရားရှင်တို့ရဲ့ဝိနည်းသိက္ခာပုဒ်ချင်း ကွာတာလည်း ပါနိုင်တာပေါ့။ ဘကြီးတို့ ဘုရားဥပဒေမှာ ရဟန်းသံဃာတွေ အခါခပ်သိမ်းလုပ်ဆောင်လို့ မရတာတွေ ရှိနေတယ်ကွယ့်။ သားတို့ လေ့လာရင် တွေ့နိုင်မှာပါ။ ခုတော့ တောင်တန်းဒေသတွေမှာ ဗုဒ္ဓရဲ့သာသနာ့အရောင်အဝါတွေ ထွန်းလင်းနေပါပြီကွယ်။ ဒါကဘာလဲဆိုတော့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးတွေက ရဟန်းသံဃာတွေ တောင်တန်းဒေသတွေမှာ နှစ်နှစ်ကြာ သာသနာပြုရတဲ့ အစီအစဉ်တွေ ရှိနေပြီလေ။

လင်းလင်း ။ ။ ဘကြီး၊ အဲဒီသံဃာတွေက တောင်တန်းဒေသတွေမှာ သာသနာပြုရတာပေါ့နော်။ အခက်အခဲတွေ ဘာတွေ မတွေ့ကြဘူးလား ဘကြီး။

ဘကြီးညဏ် ။ ။ တွေ့တာပေါ့။ ဘကြီးနဲ့ ရင်းနှီးတဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး) က ဆရာတော်တစ်ပါးက ဘကြီးကို စာအုပ်တစ်အုပ် လက်ဆောင် ပေးထားတာရှိတယ်ကွယ့်။ 'စွန့်လွှတ်စွန့်စား သာသနာပြုရဟန်းတော်များ' တဲ့။ အဲဒီစာအုပ်ထဲမှာ ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးအတွက် စွန့်လွှတ်စွန့်စား သာသနာပြုနေကြတဲ့ ရဟန်းသံဃာတို့ရဲ့ သာသနာပြု လုပ်ငန်းတွေကို ရေးသားထားတာ အလွန်ကို အတုယူကြည်ညိုဖို့ ကောင်းတာပဲ။

ခွန်းဆက်သာ။ ။ အဲဒီလိုဘုန်းဘုန်းတွေ ဘယ်နှပါးလောက်ရှိမလဲ ဆရာကြီး။

ဘကြီးညဏ် ။ ။ အများကြီးပေါ့။ သားတို့ ဗဟုသုတရအောင် ဘကြီးပြောပြမယ်။ ပြည်တွင်းသာသနာပြုတဲ့ လုပ်ငန်းက မြန်မာသက္ကရာဇ် ၁၃၅၅/၅၆ လောက်ကစတာ။ သာသနာ့တက္ကသိုလ်မှာ ဓမ္မာစရိယ စတုတ္ထနှစ်အောင်ပြီးလို့ မဟာဓမ္မာစရိယတန်းတက်ခွင့်မရတဲ့ သင်တန်းသားရဟန်းတွေကို နယ်စပ်နဲ့ တောင်တန်းဒေသတွေဆီ သာသနာပြု စေလွှတ်ခဲ့တာကွယ့်။ နောက်ပိုင်းမှာတော့ မဟာတန်းအောင်ပြီးတဲ့ ရဟန်းတွေလည်း တောင်တန်းဒေသတွေမှာ နှစ်နှစ်သာသနာပြုသွားကြရတယ်။ အခုထိဆိုရင် နယ်စပ်ဒေသနဲ့ တောင်တန်းဒေသတွေမှာ သာသနာပြုတာဝန်ထမ်းဆောင်ပြီးတဲ့ ရဟန်းတော်ပေါင်း ၁၁၃၆ ပါးရှိသွားပြီတဲ့။ တာဝန်ထမ်းဆောင်နေဆဲက ၉၇ ပါးတဲ့။

လင်းလင်း ။ ။ ဘကြီး၊ သာသနာပြုရင်း ပျံလွန်တော်မူတာတွေ ဘာတွေရှိမှာပဲနော်။

ဘကြီးညဏ် ။ ။ ရှိတာပေါ့။ အခု ၂၀၁၂ ဧပြီလကုန်လောက်ကပဲ ချင်းပြည်နယ် (တောင်ပိုင်း) ပလက်ဝမြို့နယ်မှာ ကန့်ဘလူက အရှင်ပဏ္ဍာဝံသ ဆရာတော်ဟာ ငှက်ဖျားနဲ့ ပျံလွန်တော်မူခဲ့ရတာ၊ သာသနာပြုရင်း အသက်စွန့်လွှတ်သွားရတာပေါ့။

ခွန်းဆက်သာ။ ။ အဲဒီလိုမျိုး သက်စွန့်ကြိုးပမ်း သာသနာ့အကျိုးအတွက် ဆောင်ရွက်ကြတဲ့ သံဃာတွေကို ကျွန်တော်အလွန်ကြည်ညိုတာပဲ။ အချို့ကိုယ်တော်လေးတွေက ကြည့်ရတာတစ်မျိုးပဲ။ လူငယ်ကာလသားစတိုင်အတိုင်းပဲနော် ဘကြီး။

ဘကြီးညဏ် ။ ။ ဒါကတော့ ရှိမှာပေါ့ကွယ်။ သူတို့လည်း ပုထုဇဉ်တွေပဲကိုး။ တောင်တန်းသာသနာပြု ရဟန်းတော်တစ်ပါးရဲ့ လက်ကိုင်တရားလေးကို ဘကြီး ဖတ်ရှုထားတာမျှဝေပေးရဦးမယ်။ သူ့ဆရာတော်ကြီးက ဆုံးမတာတဲ့။ 'စ' ကို အရင်လုပ်ပါ။ 'ဆ'ကို နောက်မှ လုပ်ပါတဲ့။ နောက်ဟာ အရင်၊ အရင်ဟာ နောက်မဖြစ်ပါစေနဲ့။ စ ဆိုတာ စည်းရုံးရေး၊ ဆ ဆိုတာ ဆရာလုပ်ခြင်းတဲ့။ ပြီးတော့ ရောက်တဲ့အရပ်မှာ ပျော်အောင်နေ၊ တွေ့တဲ့လူနဲ့တည့် အောင်ပေါင်း၊ ရတာလေးနဲ့ မျှအောင်စား၊ သပ္ပာယမျှအောင်နေတဲ့။ ဘကြီးတောင် ဘကြီးတို့ ကျောင်းက ဆရာလောင်းတွေကို ပြောပြခဲ့ဖူးတဲ့ စကားတွေပဲ။

လင်းလင်း ။ ။ သည်နေ့တော့ ဘကြီးလည်း ကျွန်တော်သိချင်တာတွေ ပြောလိုက်ရတာနဲ့ မြန်မာစာစကားတွေ မဆွေးနွေးလိုက်ရတော့ဘူးနော်။

ကာတွန်းမြေဇာ

# စိန်မြောက်မြောက်

ထမင်းတစ်လုတ်

## SEIN MYAUK MYAUK

### A morsel of meal

By Cartoon Myay Zar



"Mom, I've got my mouth ready to eat meal."

"But the meal is not ready yet."




"So, clear away the grass in the compound first if you want to have meal right away."

"I'm wrong to say it."

"Mom, I've already cleared away the grass."



"Split firewood."

"It's rather difficult to have just a morsel of meal."

"Have you split firewood? Draw water then."



"Er ... That's what I want to say. I have to do a lot of work at home just for the sake of having a morsel of meal."

"Come on. Come with me."

"What is this guy going to show me?"




"You see?"

"Do you see?"

"Do you find?"



"What's your purpose of showing me these?"

"It's simply because I want you just to know how hard one has to work for the sake of a morsel of meal."

"Yes, I've realized it. Don't throw weight around. I'll help my mother now."

END.

## အမိနိုင်ငံတော်ကို ချစ်မြတ်နိုးပါ။



(ပုံပြင်)

# ဗလနဲ့ ရန်ပုံခွင်း

အောင်သူရိန် (ပုလဲ)

ရှေးအခါက သာယာရွှေပြည်ဆိုတဲ့ တိုင်းပြည် တစ်ပြည်ရှိတယ်။ သာယာရွှေပြည်ရှိ တိုင်းသူပြည်သားတွေဟာ စည်းလုံးညီညွတ်မှုရှိပြီး တိုင်းတစ်ပါးနယ်ချဲ့တွေ မတရားကျူးကျော်စော်ကားလာရင် မခံတတ်သလို စစ်သည်အင်အားလည်း ခိုင်မာတောင့်တင်းတယ်ဆိုတာ အခြားတိုင်းပြည်ကပါသိတယ်။

သာယာရွှေပြည်တိုင်းပြည်မှာ ဘုရင်မင်းမြတ်ရဲ့ အားကိုးအားထားပြုခံရတဲ့ တပ်မှူးကြီးဗလဆိုတာ ရှိလေတယ်။ တိုက်ရည်ခိုက်ရည်ထက်မြက်ပြီး သတ္တိဗျတ္တိနဲ့လည်း ပြည့်စုံလို့ စစ်သည်ရဲမက်တွေနဲ့ ပြည်သူပြည်သားတွေက ချစ်ခင်ကြ၊ လေးစားကြ၊ အားကိုးကြတယ်။

တပ်မှူးကြီးဗလဟာ နာမည်နဲ့လိုက်အောင် ခွန်အားတောင့်တင်းပြီး ကျန်းမာကြံ့ခိုင်မှုရှိသလို ဓားရေး လှံရေးနဲ့ မြားပစ်အတတ်လည်း လွန်စွာထူးချွန်လို့ တိုက်ပွဲတိုင်းမှာ ရဲဝံ့စွာပါဝင်ပြီး တိုက်တိုင်း အောင်ခဲ့သူ ဖြစ်ခဲ့တယ်။

တိုက်ပွဲကြီးတွေမှာ တပ်မှူးကြီးဗလကိုယ်တိုင် ဦးဆောင်ပြီး မကြောက်မရွံ့နဲ့ ရန်သူတပ်ထဲ ထိုးဖောက်တိုက်ခိုက်နိုင်လို့ ရန်သူတွေ ကစဥ့်ကလျားဖြစ်ပြီး အထိနာကာ တပ်မှူးကြီးဗလကို ကြောက်လန့်ကြတယ်တဲ့။

ဘယ်လောက်ထိရဲစွမ်းသတ္တိရှိသလဲဆိုရင် တိုက်ပွဲကြားမှာ မြင်းပေါ်ကဆင်းပြီး ရန်သူတွေကို လက်နှစ်ဖက်နဲ့မြှောက်ကာ ကိုင်ပေါက်တတ်တာလည်း ခဏခဏပဲတဲ့။

သာယာရွှေပြည် ပြည့်ရှင်မင်းကြီးဟာ တပ်မှူးကြီးဗလကို အထင်ကြီးတယ်၊ လေးစားတယ်။

"အိမ်း၊ တပ်မှူးကြီးဗလဟာ ငါ့နိုင်ငံအတွက် လွန်စွာမှ အားထားရတဲ့ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့ သူရဲကောင်းတစ်ယောက်ပဲ၊ မောင်မင်းအသက်ငယ်သေးပေမယ့် စစ်ရေးအရာမှာ စွမ်းဆောင်နိုင်မှုက ကြီးမားလှလို့ အရွယ်နဲ့မမျှအောင် တပ်မှူးကြီးအဆင့် ရရှိနေတာကိုး။

ဘုရင်ကြီးက မကြာခဏဆိုသလို တပ်မှူးကြီးဗလကို ထုတ်ဖော်ချီးကျူးလေ့ရှိတယ်။ ဘုရင်ကြီးချီးကျူး ထိုက်အောင်လည်း သူက စွမ်းဆောင်နိုင်တာကိုး။

တပ်မှူးကြီးဗလမှာ ထူးခြားမှုတစ်ခုရှိတယ်တဲ့ အဲဒါကတော့ သူစီးနေတဲ့တိုက်မြင်းကြီး "ရန်ပုံခွင်း" ဖြစ်တယ်။ တိုက်မြင်းကြီးရန်ပုံခွင်းဟာ တိုက်ပွဲဝင်ပြီဆိုရင် သူ့သခင်အလိုကျ စွမ်းဆောင်နိုင်သူဖြစ်ပြီး သူ့သခင်လိုပဲ ရဲရင့်ထက်မြက်သူ၊ သခင့်စကားနားထောင်သူလို့ နာမည်ကြီးတယ်။ တပ်မှူးကြီးဗလနဲ့ တိုက်မြင်းကြီး ရန်ပုံခွင်းတို့ဟာ လွန်စွာအတွဲညီလို့ တိုက်ပွဲတိုင်း အောင်မြင်နေကြတာပေါ့။

တိုက်ပွဲပြီးဆုံးလို့ အိမ်မှာ အနားယူရင်းနဲ့ တပ်မှူးကြီးဗလဟာ သူအားကိုးအားထားပြုရသူ မြင်းကြီး ရန်ပုံခွင်းကို ယုယုယယထားတယ်။ တစ်ခါတစ်ရံ ဒဏ်ရာတွေရလာရင်လည်း သူကိုယ်တိုင် ကြင်ကြင်နာနာနဲ့ ဆေးထည့်ပေးတတ်တယ်။

နောက်ပြီးတော့ ဗလရဲ့မြင်းကြီးမှာ ဗလကိုယ်တိုင် စီမံဖန်တီးပြုလုပ်ထားတဲ့ ချွန်ထက်တဲ့သံချွန်လက်နက်တစ်ခုကို ဦးကင်းထိပ်တည့်တည့်မှာ တပ်ဆင်ထားတယ်။ ရန်သူကို တိုက်ဖို့ ရန်ပုံကို ဖြိုခွင်းဖို့ အရေးပါတဲ့ လက်နက်ဖြစ်မှာပေါ့။

စစ်မြင်းကြီးကို ဗလက ချစ်ပြီး ဂရုစိုက်သလို စစ်မြင်းကြီးကလည်း ဗလရဲ့အပြောအဆိုအထာကို သိရှိပြီး ဗလအပေါ် ပြန်လည်အလေးထားတယ်။

တစ်နေ့ ...

မိမိတို့ရဲ့ တိုင်းပြည်က သစ္စာဖောက်သူပုန်သူကန်တွေဟာ တစ်ဖက်အိမ်နီးချင်းနိုင်ငံနဲ့ ပူးပေါင်းပြီး သာယာရွှေပြည်ကို ကျူးကျော်တိုက်ခိုက်ဖို့ အစီအမံပြုလာတယ်။ အဲဒီသတင်းရရခြင်း သာယာရွှေပြည်ဘုရင်ကြီးက တပ်မှူးကြီးဗလကို ရှေ့တော်သို့ ခေါ်ယူခစားစေတယ်တဲ့။

"ရဲရင့်တဲ့ တပ်မှူးကြီးဗလ"

"မှန်လှပါ ခစားလျက်ရှိကြောင်းပါဘုရား"

"အိမ်း၊ တပ်မှူးကြီးသိပြီး ဖြစ်တဲ့အတိုင်း ငါတို့ရဲ့ သာယာရွှေပြည်ဟာ သယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်လို့ သစ္စာဖောက်သူပုန်သူကန်တွေက တခြားနိုင်ငံနဲ့ ပူးပေါင်းပြီး ငါတို့ရဲ့သာယာရွှေပြည်ကို ကျူးကျော်သိမ်းပိုက်ဖို့ အစီအမံချနေတဲ့ကိစ္စအတွက် မောင်မင်းဦးဆောင်ပြီး စစ်အင်အားအလုံအလောက်နဲ့ သွားရောက်နှိမ်နင်းပါ"

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

တပ်မှူးကြီးဗလဟာ ဘုရင်မင်းမြတ်ကြီးကိုယ်တိုင်က ယုံကြည်အားကိုးစွာ တာဝန်ပေးအပ်ခံရတာကို အလေးဂရုထားတတ်သူ ဖြစ်ပေတယ်။ မကြာခင်မှာ သစ္စာဖောက်သူပုန်သူကန်တွေနဲ့ ရင်ဆိုင်ရမယ့် တိုက်ပွဲဟာလည်း ကြီးမားပြင်းထန်မယ်ဆိုတာ အတွေ့အကြုံအရ တွက်ဆထားပြီး ဖြစ်တယ်ပေါ့။

ဒါကြောင့် ရဲမက်တွေကို စစ်ရေးလေ့ကျင့်မှု မပြတ်လုပ်စေသလို မြို့ရွာအနှံ့မှာလည်း စစ်သည်ရဲမက်အသစ်တွေ တပ်မှူးတပ်ဗိုလ်တွေ စစ်ပညာ သေနင်္ဂဗျူဟာတွေ သင်ကြားစေတယ်။ ဆင်တွေ၊ မြင်းတွေကိုလည်း ကျွမ်းကျင်သူများက စစ်ဆင်ရေးမျိုးစုံသင်ကြားစေတယ်။

တပ်မှူးကြီးဗလက တိုက်ပွဲဝင်ဖို့ ကြိုတင်ပြင်ဆင်လေ့ကျင့်နေသလို တစ်ဖက်ရန်သူတွေကလည်း တိုက်ပွဲဆင်နွှဲတဲ့အခါ နာမည်ကြီးနေတဲ့ တပ်မှူးကြီးဗလကို အဓိကပစ်မှတ်ထားပြီး အရှင်ရရ၊ အသေရရ ဖမ်းနိုင်ဖို့ကို စီစဉ်နေကြတယ်လေ။

အဲ မကြာခင်အချိန်မှာပဲ သစ္စာဖောက်သူပုန်သူကန်တွေနဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ဘောဂနဒီက စစ်သည်ရဲမက်တွေဟာ နယ်စပ်အထိ တဖြည်းဖြည်း အလုံးအရင်းနဲ့ ချီတက်လာခဲ့ကြတယ်။ နယ်ချဲ့တွေဘက်ကလည်း အင်အားတောင့်တင်းသလို ကြိုတင်ပြင်ဆင်ထားပုံ လည်းရှိတယ်။

သာယာရွှေပြည်ဘက်ကလည်း တပ်မှူးကြီးဗလဟာ သူ့ရဲ့ ပွဲတိုင်းကျော် စစ်မြင်းကြီး ရန်ပုံခွင်းကို စီးပြီး ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တွေကို ဦးဆောင် ချီတက်လာခဲ့တယ်။

သာယာရွှေပြည်တပ်နဲ့ ဘောဂနဒီတပ်တို့ဟာ

နှစ်နိုင်ငံနယ်ခြား မှတ်တိုင်မှာ ထိပ်တိုက်ဆုံကြပြီး တိုက်ပွဲဖြစ်ပွားတော့တယ်။

နှစ်နိုင်ငံရှိ တပ်မဟာ နှစ်ခုစလုံးထိုးဖောက်ရော နှောသွားတဲ့အခါ ဓား၊ လှံတို့ရဲ့ ထိခတ်သံတွေဟာ တချွံချွံနဲ့ ဆူညံသွားပါတော့တယ်။ တပ်မှူးကြီးဗလက အနေအထားကို သုံးသပ်ကြည့်လိုက်တော့ ဘောဂနဒီ ရန်သူတပ်က အင်အားပိုများနေတာကို သတိထားမိတယ်တဲ့။

"ကဲ ရဲမက်တို့၊ ရန်သူအင်အားနည်းတာ၊ များတာထက် တိုက်ရည်ခိုက်ရည်နဲ့ ရဲစွမ်းသတ္တိရှိဖို့က ပိုပြီး အရေးကြီးတယ်။ တက် ... တိုက်"

တပ်မှူးကြီးဗလဟာ သူ့ရဲ့နောက်ပါအနည်းငယ်နဲ့ ရန်သူတပ်ထဲကို ထိုးဖောက်ဝင်ရောက်ပြီး သူ့ရဲ့ဗျူဟာအတိုင်း တရကြမ်းတိုက်ခိုက်လေတယ်။ ရဲမက်ချင်း ပြင်းထန်စွာ တိုက်ခိုက်သလို စစ်မြင်းကြီး ရန်ပုံခွင်းကလည်း သူ့ရဲ့မျက်နှာမှာ တပ်ဆင်ထားတဲ့ သံချွန်ကြီးနဲ့ ရန်သူမြင်းတွေကို တိုက်တယ်၊ ရဲမက်တွေကိုလည်း အခွင့်ရရင်ရသလို တိုက်ပြန်တယ်"

စစ်မြင်းကြီးရန်ပုံခွင်းက စစ်မြေပြင်မှာ တာဝန်ထမ်းဆောင်ရဖန်များလို့ အတွေ့အကြုံရင့်ကျက်ပြီး တိုက်ပွဲအကြောင်းကို ကောင်းကောင်းနားလည်နေတယ်။

ရန်သူတွေကလည်း တိုက်ရည်ခိုက်ရည် နာမည်ကြီးလှတဲ့တပ်မှူးကြီးဗလကို အပြတ်ချေမှုန်းနိုင်မှ နယ်ခြားဒေသကို ကျော်နိုင်မယ်၊ ဟိုဘက်မှာရှိတဲ့ သာယာရွှေပြည်ထဲ ချဉ်းနင်းဝင်ရောက်နိုင်မယ်ဆိုတာ သိနေတယ်လေ။ ဒါကြောင့် တပ်မှူးကြီးဗလကို အဓိက ပစ်မှတ်ထား တိုက်နေကြတယ်။

အဲဒီအချိန်မှာ ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်နေတဲ့တပ်မှူးကြီးဗလကြီးရဲ့လက်သုံးတော် ပတ္တမြားကျောက်စီဓားကြီးဟာ ရန်သူသုံးလေးယောက်ရဲ့ဝိုင်းပိတ်တိုက်ခိုက်မှုကြောင့် လက်ထဲက လွတ်ကျသွားလေတယ်။

ရန်သူတွေဟာ လက်မဲ့ဖြစ်နေတဲ့တပ်မှူးကြီးဗလကို မြင်းပေါ်က ဆွဲချပြီး လက်ရဖမ်းဆီးခေါ်ဆောင်သွားကြတော့တယ်။ အချိန်မဆိုင်းဘဲ ကားစင်ထက်မှာ တင်ထားလိုက်ကြတယ်တဲ့။

တပ်မှူးကြီးဗလကို အရှင်ဖမ်းမိသွားတဲ့အတွက် ဘောဂနဒီရဲမက်တွေဟာ သိပ်ပြီး ဝမ်းသာနေကြသလို အောင်ပွဲခံတဲ့အနေနဲ့ စားပွဲသောက်ပွဲကြီးကိုလည်း အကြီးအကျယ် ကျင်းပကြလေတယ်။

တပ်မှူးကြီးဗလ ဖမ်းဆီးခံလိုက်ရတော့ သာယာရွှေပြည်ရဲမက်တွေလည်း ဆက်မတိုက်ရဲတော့ဘဲ တပ်ဆုတ်သွားရတယ်။ အဲဒီအချိန်မှာ ဘောဂနဒီစစ်သည်တွေလည်း တိုက်ပွဲကို ရပ်နားထားလိုက်ကြတယ်တဲ့။ သူတို့အလိုရှိနေတဲ့ တပ်မှူးကြီးဗလကို သာယာရွှေပြည်က ရဲမက်စစ်သည် တွေလာလို့မရအောင်လည်း လုံခြုံရေးအစောင့်တွေ အထပ်ထပ်ချထားလိုက်ကြတယ်တဲ့။

သာယာရွှေပြည်တိုင်းပြည်က နာမည်ကြီးတပ်မှူးကြီးဗလကို အရှင်ဖမ်းဆီးပြီး ကားစင်တင်ထားကြောင်း သတင်းကောင်းရရှိကြောင်း ဘောဂနဒီဘုရင်ကြီးလည်း အစောင့်အရှောက်တွေနဲ့အတူ စစ်မြေပြင်ကို ကြွလာတယ်တဲ့။ ကားစင်တင်ထားတဲ့ ဗလကြီးရှေ့ရောက်တဲ့အခါ ဘောဂနဒီ ဘုရင်ကြီးက –

"ဘယ့်နဲ့ရှိစ တပ်မှူးကြီးဗလ၊ မောင်မင်း ဘာတတ်နိုင်သေးလဲ၊ အိမ်း သင်းအတွက် တစ်ခုတော့ အခွင့်အရေးပေးမယ်။ အသက်မသေချင်ရင် ငါပြောတဲ့ အတိုင်းလိုက်နာရမယ်။ တခြားမဟုတ်ပါဘူး။ ငါ့ လက်အောက်မှာ အမှုတော်ထမ်းမယ်ဆိုရင် တပ်မှူးကြီးရာထူးနဲ့ပဲ မောင်မင်းရထားတဲ့ လစာရိက္ခာတော် သုံးဆပေးမယ်၊ ဘယ့်နှယ့်လဲ"

"ဘောဂနဒီရဲ့ဘုရင်မင်းမြတ် ကျွန်ုပ်ဟာ သာယာရွှေပြည်ဘုရင်မင်းမြတ်ရဲ့သစ္စာတော်ခံထားသူပါ၊ ကျေးဇူးရှင်ဖြစ်တဲ့ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးနဲ့ ကိုယ့် ဘုရင်အပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ အသက်သာ အသေခံသွားပါ့မယ်"

တပ်မှူးကြီးဗလက ဘောဂနဒီဘုရင်ကြီးကို တိုတိုတုတ်တုတ်စကားနဲ့ ရဲဝံ့စွာပြန်ပြောလေတယ်တဲ့။ ဒီအခါ ဘောဂနဒီဘုရင်ကြီးက–

"ကောင်းပြီလေ၊ ကျုပ်ပေးတဲ့အခွင့်အရေးကို မယူပဲ သေဆုကို တောင်းခံနေတယ်ဆိုရင်လည်း မကြာခင် အချိန်ပိုင်းမှာ ငါကိုယ်တိုင် မောင်မင်းလိုချင်နေတဲ့ဆုကို ပေးရမှာပေါ့"

"ဘောဂနဒီဘုရင်ကြီးက စိတ်ဆိုးမာန်ဆိုးနဲ့ သာယာရွှေပြည်ရဲ့သူရဲကောင်းဗလကို သန်လျက်နဲ့ ခုတ်ပိုင်းဖို့ ပြင်လိုက်တဲ့အချိန်မှာ မမျှော်လင့်တဲ့အဖြစ်အပျက်ဆန်းတစ်ခုက ရုတ်တရက် ဖြစ်ပေါ်လာတော့တယ်။

နေဝင်ရီတရောမှာ စစ်မြင်းကြီးတစ်ကောင်ဟာ သရဲသဘက်စီးသလို ကြမ်းတမ်းခက်ထန်စွာနဲ့ ရန်သူ့စခန်းထဲ ထိုးဖောက်ဝင်ရောက်လာပြီး သူ့ရဲ့နဖူးမှာ တပ်ဆင်ထားတဲ့ သံချွန်ကြီးနဲ့ တွေ့သမျှ ရန်သူတွေကို ထိုးဖောက်ပြီး ဘောဂနဒီဘုရင်ကြီး ရှေ့ရောက်လာခိုက် ဘုရင်ကြီးရဲ့သန်လျက်ဟာ ဗလကြီးရဲ့ဇက်ပေါ် မကျရောက်ခင်အချိန်လေးမှာ–

"ဟီး .... ဗွတ်"

"အား"

ဘောဂနဒီဘုရင်ကြီးလည်း အသံနက်ကြီးနဲ့ တစ်ချက်သာ အော်နိုင်ပြီး မြင်းကြီးရန်ပုံခွင်း ဦးထိပ်က သံချွန်အောက်မှာ ကျဆုံးသွားတော့တာပေါ့။

တိရစ္ဆာန်ဖြစ်ပေမယ့် တတ်သိလိမ္မာနားလည်တဲ့ စစ်မြင်းကြီး ရန်ပုံခွင်းဟာ နဖူးထိပ်က သံချွန်ကြီးနဲ့ သူ့သခင်တပ်မှူးကြီးလက်နက်နဲ့ ခြေထောက်မှာ တုတ်နှောင်ထားတဲ့ ကြိုးတွေကို သွက်လက်စွာ ဖြတ်တောက်ပစ်လိုက်တယ်။

တပ်မှူးကြီးဗလဟာ အနှောင်အဖွဲ့က လွတ်မြောက်သွားတာနဲ့ ဘောဂနဒီဘုရင်ကြီးရဲ့ကိုယ်ပေါ်က ပတ္တမြားကျောက်စီဓားကိုယူပြီး ဓားကြီးနဲ့ ဒရကြမ်း တိုက်ခိုက်နေတာဟာဖြင့် တစ်ချက်မှ မညှာတာတော့ဘူးတဲ့။

သခင့်အလိုကိုသိတဲ့စစ်မြင်းကြီးကလည်း လေရဲ့ လျှင်မြန်ခြင်းမျိုးနဲ့ ရန်သူ့နယ်မြေစခန်းထဲက တစ်ဟုန်ထိုး ထိုးဖောက်ပြီး ထွက်လာခဲ့တယ်။

တပ်မှူးကြီးဗလနဲ့ မြင်းကြီးရန်ပုံခွင်းတို့ဟာ သာယာရွှေပြည်ရှိသူတို့စခန်းကို ချောချောမောမော ရောက်လာကြတယ်။

ဗလရဲ့စစ်သည်ရဲမက်တွေဟာ သူတို့လေးစားအားကိုးတဲ့တပ်မှူးကြီး အဖမ်းခံရလို့ စိတ်ဓာတ်ကျနေချိန်မှာ မမျှော်လင့်တဲ့တပ်မှူးကြီးနဲ့ စစ်မြင်းကြီး ရန်ပုံခွင်းတို့ ပြန်ရောက်လာလို့ ဝမ်းသာပျော်ရွှင်ဖြစ်ပြီး ခုန်ပေါက်နေကြတယ်တဲ့။

တပ်မှူးကြီးဗလဟာ အချိန်မဆိုင်းတော့ဘဲ အခြေအနေပေးတဲ့အလျောက် သူ့ရဲ့ ရဲမက်တွေကို ပြန်လည်စုစည်းပြီး ဘုရင်ကြီးကျဆုံးလို့ စိတ်ဓာတ်ကျနေကြတဲ့ ဘောဂနဒီစစ်တပ်ကို ဝိုင်းပတ်ပိတ်ဆို့ တိုက်ခိုက်ကြတော့တယ်။

ဘောဂနဒီရဲမက်တွေဟာ အထိနာအကျများပြီး တစ်ချို့လည်း ဆုတ်ခွာထွက်ပြေးကြရလေတယ်။ သာယာရွှေပြည်နိုင်ငံအပေါ် သစ္စာဖောက်တဲ့ သူပုန်သူကန်တွေလည်း ကျသူကျ၊ သုံ့ပန်းအနေနဲ့ ဖမ်းမိသူကမိနဲ့ နောက်ဆုံးတော့ မာန်လျှော့ကာ သာယာရွှေပြည်နိုင်ငံ အောက်ကျရောက်လို့ အညံ့ခံလိုက်ရတော့တယ်။

တပ်မှူးကြီးဗလ ဦးဆောင်တဲ့ သာယာရွှေပြည်တပ်မဟာကြီးဟာ အောင်ပွဲတခြိမ့်ခြိမ့် အောင်သံတငြိမ့်ငြိမ့်နဲ့အတူ အောင်လံလွှင့်လို့ ပြန်ခဲ့ကြတော့တယ်။

တပ်မှူးကြီးဗလရဲ့ ရဲစွမ်းသတ္တိ၊ ကိုယ့်နိုင်ငံအပေါ်ချစ်တဲ့ စိတ်ဓာတ်နဲ့ တပ်မှူးကြီးဗလရဲ့ အသက်ကို ကယ်တင်ရုံသာမက ရန်သူဘုရင်ကိုပါ သုတ်သင်ချေမှုန်းနိုင်တဲ့ စစ်မြင်းကြီး ရန်ပုံခွင်းတို့ကို သာယာရွှေပြည်ဘုရင်ကြီးက သူ့ရဲကောင်းဘွဲ့နဲ့ ဆုတော်လာဘ်တော်ငွေများ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးလိုက်ပါတော့တယ်။

သားသား၊ မီးမီးတို့လည်း ကိုယ့်နိုင်ငံကိုယ့်လူမျိုးကို ချစ်ပြီး သစ္စာရှိကြပါစေ။ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံကြပါစေ။

× × ×


## ရွှေသွေးစာစောင်

### စာတည်းအဖွဲ့

| | |
|---|---|
| စာတည်းမှူးချုပ် | – ဦးမျိုးထွန်း (မောင်စိမ်းနောင်–လယ်ဝေး) |
| စာတည်းမှူး | – ဒေါ်သင်းသင်းဇင် (ဇင်) |
| စာတည်း (တာဝန်ခံ) | – ဦးမင်းဦး (မင်းဦး– ဒဿန) |
| စာတည်း | – ဒေါ်ငြိမ်းစုလှိုင် |
| စာပေလ/ထ | – ဒေါ်ကြည်ကြည်ဝင်း<br>– ဒေါ်အေးမမသက် |


MAY POE PHYU
BY LU CHAW - TAIK KYI
2013
"May Poe Phyu, your mother loves you. And she also fusses over you, doesn't she?"
"Why do you say so?"
"There are a lot of toys bought for you by her."
"Yes, that's right. Once I say I want to have it, mom gets it in no time."
"Em ... by the way, aren't there any toys you want to give away as you don't like them now?
"Yes, there are."
"It's OK. I've led her by the nose. I'll have toys free of charge."
"If so, give me the toys you don't like."
"Oh, that's trouble. Mom has told me not to give away the toys I don't like."
END

# Easy way to speak English

## အင်္ဂလိပ်လို လွယ်လွယ်ပြောကြရအောင်

ကျော့ကောသွယ်

ကလေးတို့ရေ– ဒီတစ်ပတ်မှာလည်း စကားပြောရာမှာ အသုံးတည့်မယ့် နည်းကောင်းတစ်ချို့ကို ထပ်မံ ဖော်ပြလိုက်ပါတယ်။ အလွတ်ကျက်မှတ်ရမယ့် စကားလုံးတွဲတွေ၊ စကားစုတွေနဲ့ အစားထိုးရမယ့် အပိုင်းဆိုပြီး ခွဲခြားဖော်ပြထားတယ်။ မိမိတို့ စိတ်ကူးရှိသလို အတွေးပေါက်သလို သွက်သွက်လက်လက် ပြောဆိုနိုင်တယ်။ လေ့လာကြရအောင်နော်။

**Let's say that + (subject + verb)**

အစားထိုးရန်

ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး မိမိက အခြားသူတစ်ယောက်ကို နှစ်ယောက်စလုံးသဘောတူပါတယ်လို့ ပြောလိုက်ကြရအောင်လို့ ပြောဆိုတဲ့အခါမှ အထက်ပါပုံစံကို သုံးနိုင်ပါတယ်။ မြန်မာစကားအထာနဲ့ဆိုရင် 'ဆိုလိုက်ကြရအောင်၊ ပြောလိုက်ကြရအောင်၊ သဘောထားလိုက်ကြရအောင်၊ ပြောလိုက်ပါရစေ၊ ဆိုလိုက်ပါရစေ' စသည်ဖြင့် ပြောဆိုတဲ့ သဘောမျိုးဖြစ်တယ်။ Let's say that ကို ပုံသေကျက်မှတ်ပြီး နောက်ဘက်က ဝါကျ (subject+verb)လိုက်ပြီး ပြောရမယ်။ ဥပမာဝါကျတွေကို လေ့လာကြည့်ပါ။

Let's say that you love fish.
ငါးကို ကြိုက်တယ်လို့ပဲ ဆိုလိုက်ရအောင်။

Let's say that we found it.
ငါတို့ ဒါကို တွေ့ခဲ့တယ်လို့ပဲ ပြောလိုက်ရအောင်။

Let's say that we enjoy being with them.
သူတို့နဲ့အတူ ရှိနေခဲ့တာကိုပဲ ပျော်တယ်လို့ ပြောလိုက်ရအောင်။

Let's say that we had a good time.
ကောင်းကောင်းမွန်မွန် ပျော်ပျော်ရွှင်ရွှင်နေရတယ်လို့ပဲ သဘောထားလိုက်ရအောင်။

Let's say that it's hard to decide.
ဆုံးဖြတ်ဖို့ ခက်တယ်လို့ ဆိုလိုက်ကြစို့။

Let's say that the movie was really good.
ရုပ်ရှင်ကား တကယ်ကောင်းတယ်လို့ပဲ ဆိုလိုက်ပါရစေ။

**There's no need to + (verb)**

အစားထိုးရန်

There'sဟာ There is ကိုအတိုချုံးရေးထားတဲ့ contracted form ဖြစ်ပါတယ်။ အကြောင်းအရာကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး လုပ်ဖို့မလိုအပ်ဘူးလို့ပြောဆိုတဲ့အခါမှာ သုံးပါတယ်။ ဥပမာ 'ရေးဖို့ မလိုဘူး၊ ပြောဖို့ မလိုဘူး၊ ဖတ်ဖို့မလိုဘူး' စသည်ဖြင့် ပြောဆိုတဲ့ သဘောမျိုးဖြစ်ပါတယ်။ There's no need toကို ပုံသေ ကျက်မှတ်ပြီးနောက် နောက်ဘက်က verbတစ်ခုရဲ့ finite form $(v_1)$အမျိုး မျိုးပြောင်းလဲ ပြောဆိုနိုင်ပါတယ်။ ဥပမာဝါကျတွေကို ဖတ်ပြီး လေ့ကျင့်ပြောဆိုကြည့်ပါ။

There's no need to worry.
စိုးရိမ်ပူပန်ဖို့ မလိုဘူး။

There's no need to be upset.
ဝမ်းနည်းဖို့ မလိုဘူး။

There's no need to act so strange.
သိပ်ပြီး ထူးထူးခြားခြား ပြုမူဖို့ မလိုဘူး။

There's no need to act so shy.
သိပ်ရှက်တဲ့ အမူအရာပြဖို့ မလိုဘူး။

There's no need to rush off.
အလောတကြီး သွားဖို့မလိုဘူး။

**It takes + (time) + to+ (verb)**

အစားထိုးရန်

တစ်ခုခုလုပ်ဖို့ အချိန်ဘယ်လောက်ယူရတယ်။ အချိန်ဘယ်လောက်ကြာတယ်ဆိုတဲ့အကြောင်းကို ပြောင်းတဲ့အခါမှာ It takes+(time)+to အထိ အလွတ်ကျက် မှတ်ထားပြီးနောက်က finite verb (V1)အမျိုးမျိုးပြောင်းလဲကာ စိတ်ကူးရှိသလို ပြောဆိုနိုင်တယ်။ ဘယ် လောက်ကြာတယ်လို့ ပြောဆိုတဲ့သဘောဖြစ်ပါတယ်။ time နေရာမှာလည်း အကြောင်းအရာ တစ်ခုချင်းအလိုက် ကြာတဲ့အချိန်ကို အစားထိုးကာ ပြောဆိုနိုင်ပါတယ်။ ဥပမာ ဝါကျတွေကို လေ့ကျင့်ကြည့်ပါ။

It takes one hour to get there.
အဲဒီနေရာကို ရောက်ဖို့ တစ်နာရီကြာတယ်။

It takes forty-five minutes for me to get ready.
ကျွန်တော် အသင့်အနေအထားရှိဖို့ လေးဆယ့်ငါးမိနစ် အချိန်ယူရတယ်။

It takes all day for us to finish golfing.
သတ်မှတ်ထားတဲ့ ကျင်းအရေအတွက်ပြည့်အောင် ဂေါက်ရိုက်ကစားဖို့ ကျွန်တော်တို့ တစ်နေကုန် အချိန်ယူရတယ်။

It takes years to learn to play guiter.
ဂစ်တာတီးသင်တာ နှစ်နဲ့ချီပြီး အချိန်ယူရတယ်။

It takes 15 minutes to get to downtown.
မြို့ထဲကို ရောက်ဖို့ ၁၅ မိနစ်ကြာတယ်။

**Please make sure that + (subject + verb)**

အစားထိုးရန်

အကြောင်းကိစ္စတစ်ခုကို သေချာပေါက်ဖြစ်အောင် 'လုပ်ပေးဖို့၊ လုပ်ထားဖို့၊ သေချာစေဖို့' ပြောဆိုတဲ့အခါ အထက်ပါပုံစံအတိုင်း ပြောဆိုနိုင်ပါတယ်။ Please make sure that အထိ အလွတ်ကျက်မှတ်ပြီး နောက်ဘက်က ဝါကျ (subject + verb)ကို စိတ်ကူးရှိသလို အမျိုးမျိုးပြောင်းလဲပြီး ပြောဆိုနိုင်ပါတယ်။

Please make sure that she wakes up on time.
ကျေးဇူးပြုပြီး သူမကို အိပ်ရာက အချိန်မီနိုးအောင် လုပ်ပေးပါ။

Please make sure that she gets to school.
သူမ ကျောင်းကို ရောက်တာသေချာပါစေ။

Please make sure that dinner is ready when we get home.
ငါတို့ ပြန်ရောက်ချိန်မှာ ညစာ အဆင်သင့်ဖြစ်အောင် လုပ်ထားပါ။

Please make sure that your assignment is done.
ကျေးဇူးပြုပြီး သင့်ရဲ့အလုပ်တာဝန်ကို ပြီးစီးအောင်လုပ်ထားပါ။

Please make sure that the water is not too hot.
ကျေးဇူးပြုပြီး ရေသိပ်မပူပါစေနဲ့။

Please make sure that she is getting along with her new friends.
ကျေးဇူးပြုပြီး သူမနဲ့ သူမရဲ့သူငယ်ချင်းတွေ အဆင်ပြေအောင် လုပ်ပေးပါ။

Please make sure that you cook the meal long enough.
ကျေးဇူးပြုပြီး ဟင်းကျက်တဲ့အထိ အချိန်ယူပြီး သေသေချာချာ ချက်ပါ။

Please make sure that we leave on time.
ကျေးဇူးပြုပြီး ကျွန်တော်တို့ အချိန်မီထွက်နိုင်အောင် သေသေချာချာ လုပ်ထားပါ။

Please make sure that you record our favorite TV show.
ကျေးဇူးပြုပြီး ကျွန်တော်တို့ရဲ့အနှစ်သက်ဆုံး တီဗွီအစီအစဉ်ကို မှတ်တမ်းတင်ထားပါ။

# ရှာဖွေတွေ့ရှိခြင်း

ဘိုဘို (ကျောက်မဲ)

ကလေးတို့ရေ ပေးထားတဲ့ ပုံနှစ်ပုံထဲက ကွဲပြားခြားနားတဲ့ အချက် (၁၀) ချက်ကို ရှာဖွေရင်း စူးစမ်းတတ်တဲ့ အလေ့အကျင့်၊ အသေးအဖွဲကလေးကအစ မြင်တတ်၊ လေ့လာတတ်တဲ့ အလေ့အကျင့်ကို ရရှိစေမှာ ဖြစ်ပါတယ်။





# ဖိုးကြမ်း သီးမွှေး

ကာတွန်း ဌေးဝင်းဇော်

# Phee Gyan and Thee Hmway

By Cartoon Htay Win Zaw




"You don't have a passion for such a kind of thing. But now, what you say sounds strange. What's wrong with you?"
"Thinking of something sitting like this makes me have a feeling of discomfort and suffocation.So,there is something we usually call.Em ... what should I say?"
"It's called taking a weight off our mind. I mean it. Got it?"
"Oh, that's right, boss. Sometimes, you should do like this. It'll enable you to hit upon a good idea."
"What you say hits the snail on the head."
"Our boss's thinking is very modern. I don't think that much he'll be like this. That's really good."
"That's our boss!"
"Hmm ... Another idea to throw up has come into my mind."
"What thought has flashed through your mind?"
"When I tell something good, you all agree with me and say in support of me."
"And when I tell something bad, you all do the same."
"So I have to think of what kind of friends you all are to me."
END.

# ရွှေသွေး ဉာဏ်စမ်း

တင်ပြသူ – ရွှေစင်



**ဘာကောင်လဲ သိချင်လား**

အမှတ်စဉ် ၁ မှ ၂၅ အထိ ပါဝင်တဲ့ အစက်ကလေးတွေကို အစီအစဉ်အတိုင်း ဆက်ကြည့်လိုက်ပေါ့။ ဒါဆို ကလေးတို့ သိချင်တာ သိရပြီပေါ့ကွယ်။

**ကြက်ဖလေးရဲ့အရိပ်စစ် ရှာဖွေကြည့်**

ကြက်ဖလေးရဲ့အရိပ် (၄) ခုကို ဖော်ပြထားတယ်။ အရိပ်စစ်ဟာ ဘယ်ဟာဖြစ်မလဲ။





## ဟယ်လို ဟယ်လို ဖုန်းကလေး

* အော်မြည်သံလေး ကြားပြီဆို
ဖုန်းလာနေကြောင်း သိသကို။

* ကိုယ်ပြောလိုရာ အချက်လက်
ဖုန်းကလေးနဲ့ လှမ်းလို့ဆက်။

* တိုးတက်နေတဲ့ သည်ချိန်ခါ
ဟန်းဖုန်းလေးတွေ ခေတ်စားလာ။

* လူတကာတွေ တွင်တွင်သုံး
သားသားလေးလည်း ပျော်မဆုံး။

* ရွှင်ချိုပြုံးလျက် ဟန်မူပို
သမီးကလေး ဖုန်းပြောဆို
ဟယ်လိုဟယ်လို မေမေလား
ဟယ်လိုဟယ်လို ဖေဖေလား
သားသားမီးမီး ကြား။ ။

မောင်သာဆွေ (အင်းစိန်)

## ရွှေသွေး ယခုတစ်ပတ်
## ဖတ်စရာ မှတ်စရာ


* တစ်ကိုယ်ရည် သန့်ရှင်းရေး အားနည်းရှာတဲ့ ဝဲကျော် စာ (၁–၄)
* စွန့်လွှတ်စွန့်စား တောင်တန်းသာသနာပြု ရဟန်းတော်များအကြောင်း သိကောင်းစရာ မြန်မာစာ စကားဝိုင်း (၄၅) စာ (၅)
* ထမင်းတစ်လုတ်ရဲ့တန်ဖိုးကို သိသွားရှာတဲ့ စိန်မျောက်မျောက် စာ(၆–၇)
* တပ်မှူးကြီးဗလနဲ့ စီးတော်မြင်း ရန်ပုံခွင်းတို့ရဲ့ အောင်ပွဲရပုံပြင် စာ (၈–၉)
* အမေ့စကားနားထောင်တဲ့မေပိုးဖြူ စာ (၁၀)
* ပုံသေနည်းနဲ့ အင်္ဂလိပ်စကားအလွယ် ပြောကြရအောင် စာ (၁၁)
* စူးစမ်းတဲ့အလေ့အကျင့် ဖြစ်စေဖို့အတွက် ရှာဖွေတွေ့ရှိခြင်း စာ (၁၂)
* ဖီးကြမ်းသီးမွှေးတို့ရဲ့စဉ်းစားခန်းများ စာ(၁၃–၁၄)
* ရွှေတွေးတို့ညဏ်စမ်းတို့ကို ဝေဝေဆာဆာ တင်ဆက်ထားပါသည်။ စာ (၁၅)


# မောင်တင်ယု
# ဖိုးလပြည့်
# Po La Pyae
### By Maung Tin Yu




"Have you forgotten to return the book you borrowed from me?

"No, I haven't, friend."




"Please give me just a little more time."

"How much time shall I give?"

"Up to the time you've already forgotten to ask me to give it back."


R.517

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်၊ စာတည်းမှူးချုပ်က ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင် ရိုက်နှိပ်၍ မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။